( ၁ )

# "စက်ယန္တရားအငှားရောင်း - နှစ်ဦးသဘောတူကတိစာချုပ်"

## Used Hitachi Excavator ZX130-5G with Breaker Piping & Blade (1) Unit
## (SO No. COP-UNT-SO-23060001)
## (Sr No. HCMDAG90V00090219)
## Contract No. WL/HS-491/2023

၂၀၂၃ ခုနှစ်၊ ဇွန်လ(၁၄)ရက်နေ့တွင် ရန်ကုန်မြို့၌ အောက်အမည်ပါသူတို့က Used Hitachi Excavator ZX130-5G with Breaker Piping & Blade (1)Unit စက်ယန္တရားအငှားရောင်းသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြသည်မှာ–

စက်ယန္တရား ရောင်းချသူ ။ ။ ဦးအောင်သူဝင်း (ဘ) ဦးကိုတိုး
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်– ၁၄/လမန(နိုင်)၀၇၀၂၀၅
for and on behalf of Common Purpose Co., Ltd.
အမှတ်(၁၅၂)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ ဇုန်(၄)၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

စက်ယန္တရား ဝယ်ယူသူ ။ ။ ဦးဇော်မြင့်ထူး (ဘ) ဦးအိုက်ဆန်
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် – ၁၃/တကန(နိုင်)၁၉၇၆၆၀
လိပ်စာ – အမှတ်(၅)၊ ဗိုလ်ချိုလမ်း၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ် – ၀၉–၂၅၉၉၁၁၉၁၁။

(စက်ယန္တရားရောင်းချသူ နှင့် ဝယ်ယူသူဟူဆိုသောစကားရပ်တွင် ၄င်းကုမ္ပဏီအပြင် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များ၊ ကုမ္ပဏီအားဆက်ခံသူများ၊ ကုမ္ပဏီကိုယ်စားလက်မှတ်ထိုးများ၊ တာဝန်ပေးအပ်ခြင်းခံရသူများ၊ တရားဝင်ကိုယ်စားလှယ်များလည်းအကျုံးဝင်ပြီး ဥပဒေနှင့်အညီအကျိုးခံစားခွင့်ရှိကြသူများ အားလုံးပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

ဤစာချုပ်ပါ "စက်ယန္တရား"ဟူသောစကားရပ်တွင် အငှားရောင်းချသည့်မူလစက်ယန္တရားနှင့် စက်အပိုပစ္စည်းများ၊ အငှားရောင်းချသူမှ လဲလှယ်တပ်ဆင်ပေးသည့် စက်အပိုပစ္စည်းများ ပါဝင်သည်ဟုမှတ်ယူရမည်။ သို့ရာတွင် အငှားဝယ်ယူသူမှ မိမိသဘောအလျောက်အငှားရောင်းချသူ၏ခွင့်ပြုချက်မရရှိဘဲ လဲလှယ်တပ်ဆင်ထားသည့် စက်ယန္တရားနှင့် စက်အပိုပစ္စည်းများ ပါဝင်ခြင်းမရှိစေရ။

**၁။** စက်ယန္တရား ရောင်းချသူသည် ကုမ္ပဏီစီးပွားရေးလုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် Used Hitachi Excavator ZX130-5G with Breaker Piping & Blade (1)Unit စက်ယန္တရားကို ဖားကန့် နေရာတွင်အသုံးပြုရန်အတွက် အငှားဝယ်ယူသူနှင့် ယနေ့တွင် ဤသဘောတူစာချုပ်ချုပ်ဆို၍ အငှားဝယ်ယူသူမှ နောက်ဆက်တွဲပါစည်းကမ်းများအတိုင်း လိုက်နာ ဆောင်ရွက်ရန် သဘောတူညီပြီးဖြစ်သည်ဟု မှတ်ယူဝန်ခံလျက် နှစ်ဦးသဘောတူ ရောင်းချလိုက်ပါသည်။

**၂။** ရောင်းချသူက မိမိရောင်းချသော Used Hitachi Excavator ZX130-5G (1)Unit စက်ယန္တရားအား အသုံးပြုနာရီ 1,500 hrs (သို့မဟုတ်) (9) Months (Starting from the date of delivery , Whichever Come First) စေ့ရောက်အသုံးပြုပြီးသည်အထိ အာမခံပါသည်။

**၃။** ဝယ်ယူသူသည် ရောင်းချသူကသတ်မှတ်ထားသော အရစ်ကျငွေပေးချေပြီးမှသာလျှင် ယင်း စက်ယန္တရား၏ ပိုင်ဆိုင်မှု (Title of Ownership) သည် အငှားဝယ်ယူသူ၏လက်ဝယ်သို့ရောက်ရှိသည်ဟု သဘောပေါက်နားလည်ပါသည်။

စာမျက်နှာ(၂)သို့

၄။ ရောင်းချသူ၏ တာဝန်နှင့်အခွင့်အရေးများ

(က) ရောင်းချသူက မိမိရောင်းချသောစက်ယန္တရားအား သတ်မှတ်ထားသောစည်းကမ်းနှင့်အညီ စိတ်အေးချမ်းသာစွာအသုံးချနိုင်အောင် လိုအပ်သည်များကိုဆောင်ရွက်လျက် ရောင်းချသည့်သတ်မှတ်ရက်တွင် လက်ရောက်ပေးအပ်ရပါမည်။

(ခ) အာမခံကတိပေးထားသည့်အတိုင်းလိုအပ်သည့်အခါတွင်ဝန်ဆောင်မှုကိုပြည့်ဝစွာဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

(ဂ) ဝယ်ယူသူထံမှ အရစ်ကျပေးငွေအားလုံးကိုလက်ခံရရှိပြီးပါက ငွေအကြေအရောင်းအဝယ်စာချုပ်ကို ထပ်မံချုပ်ဆိုပေးပါမည်။ ရောင်းချသည့်စက်ယန္တရားနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကိုပေးအပ်ရမည်။

(ဃ) ရောင်းချသူမှ ရောင်းချသည့်စက်ယန္တရားသည် ၎င်းတစ်ဦးတည်းပိုင်ဖြစ်၍ မည်သည့်အရှုပ်အရှင်းကြွေးမြီမျှမရှိကြောင်း ဝန်ခံကတိပြုပါသည်။

၅။ ဝယ်ယူသူ၏ တာဝန်နှင့်အခွင့်အရေးများ

(က) စက်ယန္တရားဝယ်ယူသူသည် မိမိဝယ်ယူသည့်စက်ယန္တရားကို လက်ခံရရှိသည့်အခါတွင် မိမိမှာယူသည့်အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေး၍ လက်မှတ်ရေးထိုးလက်ခံရမည်။ အကယ်၍ စက်ယန္တရားဝယ်ယူသူသည် မိမိဝယ်ယူသည့်စက်ယန္တရားအား စက်ယန္တရားရောင်းချသူထံတွင် လာရောက်စစ်ဆေးလက်ခံရယူစဉ် စက်ယန္တရားသည် လက်ခံရယူနိုင်လောက်သည့် အနေအထားအသင့်မဖြစ်ပါက (သို့မဟုတ်) ချွတ်ယွင်းချက်တစ်စုံတစ်ရာတွေ့ရှိရပါက စက်ယန္တရားရောင်းချသူသည် စက်ယန္တရားအား စက်ယန္တရားဝယ်ယူသူအသင့်လက်ခံရယူနိုင်သည့် ကောင်းမွန်သောအနေအထားဖြစ်စေရန် မိမိအစီအစဉ်၊ မိမိစားရိတ်ဖြင့် စစ်ဆေးပြုပြင်ပေးရမည်။ အကယ်၍ စက်ယန္တရားဝယ်ယူသူသည် မိမိဝယ်ယူသည့်စက်ယန္တရားအား မိမိ၏ရုံး (သို့မဟုတ်) အလုပ်ခွင်တွင် လက်ခံရယူ ရသည့်အခါ ဝယ်ယူသည့်စက်ယန္တရားတွင် ချွတ်ယွင်းချက်တွေ့ရှိပါက ပြင်ဆင်ရေးဌာန (Service Center) သို့ စက်ယန္တရားလက်ခံရယူစဉ်ကတည်းက အကြောင်းကြားခေါ်ယူရမည်။ဤကဲ့သို့လုပ်ဆောင်ခဲ့ခြင်းမရှိဘဲ စက်ယန္တရားကိုလက်ခံရယူခဲ့ပါက လက်ခံရယူသည့်စက်ယန္တရားသည် မူလအကောင်းပကတိအခြေအနေဖြင့် ဝယ်ယူသူထံသို့လက်ရောက်ပေးအပ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ဝယ်ယူသူသည် အာမခံသည့်ကာလအတွင်း မိမိဝန်ထမ်းများ၏ တာဝန်ပျက်ကွက်မှုကြောင့်မဟုတ်လျှင် အခမဲ့ပြင်ဆင်ပေးသည်ကိုရရှိမည်။ ပြင်ဆင်ပေးရာတွင် ရောင်းချသူ၏ဝန်ထမ်းများမှ ကုမ္ပဏီ၏တည်ရှိရာနေရာနှင့် မိုင်(၄၀)အကွာအဝေးအတွင်း ရောင်းချသည့်စက်ယန္တရားများကို ပြင်ဆင်ပေးရပါက ပြင်ဆင်ပေးမည့် ဝန်ထမ်းများ၏စရိတ်ကိုပေးအပ်ရန်မလိုပါ။ အကယ်၍ပြင်ဆင်ရမည့်စက်ယန္တရားသည် ကုမ္ပဏီတည်ရှိရာနေရာမှ မိုင်(၄၀) ထက်ကျော်သော အကွာအဝေးတွင်ရှိပါက ကုမ္ပဏီ၏ဝန်ထမ်းများ စက်ယန္တရားပြင်ဆင်ရန်အတွက် သွားလာသည့်စရိတ်၊ နေထိုင်စရိတ်၊ စားစရိတ်တို့ကို ဝယ်ယူသူဘက်မှ သင့်တင့်သည့်အခကြေးငွေနှင့် လိုအပ်သည့်စောင့်ရှောက်မှုများကို ကျခံတာဝန်ယူရမည်ဖြစ်ကြောင်းသိရှိသဘောတူ ဝန်ခံကတိပြုပါသည်။

(ဂ) မီးသင့်လောင်ခြင်း၊ မုန်တိုင်းကျခြင်း၊ ရေလွှမ်းမိုးခြင်းနှင့် အခြားမလွန်ဆန်နိုင်သော သဘာဝဘေးအန္တရာယ်အကြောင်းများကြောင့် ဝယ်ယူစဉ်ကာလအတွင်း စက်ယန္တရားများပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရန်အတွက် ရောင်းချသူ၏အမည်ဖြင့် အလုံးစုံထိခိုက်ပျက်စီးမှုအာမခံကို ဝယ်ယူသူစားရိတ်ဖြင့် ဤစာချုပ်တွင်ဖော်ပြထားသော စက်ယန္တရားတန်ဖိုးအတိုင်း မဖြစ်မနေထားရှိပေးရမည်။ အငှားရောင်းချသည့်စက်ယန္တရားများသည် လုံးဝပျက်စီးသွားလျှင်သော်လည်းကောင်း၊ မတော်မတန်အမြဲအသုံးမဝင်ဖြစ်ပွားခဲ့လျှင်သော်လည်းကောင်း၊ အာမခံဌာနမှပေးလျော်သည့် အာမခံလျော်ကြေးငွေသည် ရောင်းချသည့်စက်ယန္တရားများ၏ တန်ဖိုးကိုပြည့်မီခြင်းမရှိပါက စက်ယန္တရားများ တန်ဖိုးပြည့်မီသည်အထိ ဝယ်ယူသူမှကျခံရမည်။ အထက်ဖော်ပြပါအာမခံဌာနမှ ပေးလျော်သည့်အာမခံ လျော်ကြေးငွေနှင့် ဝယ်ယူသူက ရောင်းချသူထံယခင်ပေးသွင်းထားသော အရစ်ကျငွေများ နှစ်ရပ်ပေါင်းသည် စက်ယန္တရားတန်ဖိုးငွေထက်ကျော်လွန်ပါက ထိုကျော်လွန်သောငွေကြေးများအား ဝယ်ယူသူထံ ပေးအပ်ပါမည်ဟု ရောင်းချသူက ဝန်ခံကတိပြုပါသည်။

စာမျက်နှာ(၃)သို့

တောင်းခံသည့်စာရွက်စာတမ်းများပြည့်စုံအောင် အငှားဝယ်ယူသူမှ ဆောင်ရွက်ပေးရမည့်အပြင် အာမခံထားသည့် စက်ယန္တရားများအတွက် အာမခံဌာနမှသတ်မှတ်သည့် စည်းမျဉ်း/စည်းကမ်း အားလုံးကို ဝယ်ယူသူမှလိုက်နာရန် သဘောတူညီပြီးဖြစ်သည်ဟုမှတ်ယူရမည်။ အာမခံဌာနမှသတ်မှတ်သည့် စည်းမျဉ်း/စည်းကမ်းများကို ဝယ်ယူသူ (သို့မဟုတ်) ဝယ်ယူသူ၏ ဝန်ထမ်းများက လိုက်နာမှုမရှိခြင်းကြောင့် အာမခံလျော်ကြေး ပေးရန်ငြင်းပယ်ခြင်းခံရပါက အဆိုပြုအာမခံကြေးကို ဝယ်ယူသူမှ ပေးလျော်ရမည်။ ဝယ်ယူသူသည် စက်ယန္တရားတန်ဖိုး၏ အရစ်ကျပေးသွင်းငွေ အားလုံးအား အပြေအကြေပေးသွင်းရမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

(ဃ) ဝယ်ယူသည့်စက်ယန္တရားဖိုး အပြေအကြေပေးချေမှုမရှိသေးသည့် အချိန်ကာလအတွင်း စက်ယန္တရားကို ဤစာချုပ်တွင်အဆိုပြုထားသည့်နေရာတွင်သာအသုံးပြုရမည်။ နေရာပြောင်းရွှေ့အသုံးပြုလိုပါက ရောင်းချသူ၏ ခွင့်ပြုသဘောတူညီမှုဖြင့်သာ နေရာပြောင်းရွှေ့ခွင့်ရှိကြောင်း သဘောတူပါသည်။

(င) အငှားဝယ်ယူသည့် စက်ယန္တရားကို ဥပဒေနှင့်မညီသည့် မည်သည့်ကိစ္စတွင်မှ အသုံးမပြုရ။ ယင်းသို့ အသုံးပြုခြင်းကြောင့် အငှားရောင်းချသူတွင် ဆုံးရှုံးနစ်နာမှုတစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့လျှင်သော်လည်းကောင်း၊ စက်ယန္တရားယာဉ်တိုက်မှု၊ ထိခိုက်ပျက်စီးမှု၊ သိမ်းဆည်းခံရမှုများ ဖြစ်ပွားခဲ့လျှင်သော်လည်းကောင်း အငှားဝယ်ယူသူမှ အလုံးစုံတာဝန်ယူဆောင်ရွက်ပေးရမည့်အပြင် အငှားရောင်းချသည့်စက်ယန္တရားကို အငှားရောင်းချသူက ပြန်လည် သိမ်းယူနိုင်ပြီး ဆုံးရှုံးနစ်နာသည့်တန်ဖိုးနှင့်နစ်နာကြေးကို တရားစရိတ်နှင့်တကွအငှားဝယ်ယူသူမှ ပေးလျော်ပါမည်ဟု သိရှိသဘောတူ ဝန်ခံကတိပြုပါသည်။

(စ) အငှားဝယ်ယူသည့်စက်ယန္တရားကို စက်ယန္တရားဖိုးပြေကြေမှုမရှိသေးမီအချိန်ကာလအတွင်း မူလအကောင်း ပကတိအခြေအနေအနေအထားမှပြောင်းလဲသွားအောင် လုပ်ဆောင်ခြင်းမပြုရ။ အငှားဝယ်ယူသူမှ မိမိသဘောအလျောက် အငှားရောင်းချသူ၏ ခွင့်ပြုချက်မရရှိဘဲ လဲလှယ်တပ်ဆင်ထားသည့် စက်ယန္တရားနှင့် စက်အပိုပစ္စည်းများကို အငှား ရောင်းချသူမှ ပိုင်ဆိုင်ခွင့်ရှိစေရမည့်အပြင် မူလအကောင်းပကတိအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ပြုပြင်ရလျှင် ပြုပြင်စရိတ်ကိုအငှားဝယ်ယူသူမှ ထပ်မံပေးလျော်ပါမည်ဟု သိရှိသဘောတူ ဝန်ခံကတိပြုပါသည်။

(ဆ) အငှားဝယ်ယူသူအနေဖြင့် မိမိစိတ်တိုင်းကျကြည့်ရှုစစ်ဆေးပြီးမှ ဝယ်ယူသည့်အတွက်စရံငွေကို ပြန်လည် တောင်းခံခြင်းမပြုသကဲ့သို့ ပေးသွင်းရမည့်အရစ်ကျငွေအားလုံးကို သတ်မှတ်ထားသည့်ကာလအတွင်း မှန်မှန်ပေးချေရန် တာဝန်ရှိကြောင်း သိရှိသဘောတူ ဝန်ခံကတိပြုပါသည်။

(ဇ) အငှားဝယ်ယူသူသည် အရစ်ကျပေးချေမည့်ကျသင့်သည့်ငွေများကို သတ်မှတ်ထားသောကာလအတွင်း အပြေအကြေပေးချေရန်ပျက်ကွက်ပါက ရောင်းချသည့်ကုမ္ပဏီ၏ ငွေကြေးလည်ပတ်စီးဆင်းမှု နှောင့်နှေးကြန့်ကြာ စေသည့်အတွက် နစ်နာမှုရှိသည့်အားလျော်စွာ အငှားဝယ်ယူသူက နစ်နာကြေးအဖြစ်ပေးဆောင်ရန် ကျန်ရှိသည့် တန်ဖိုးငွေ၏(၅%) တွက်ချက်၍ ပေးရမည်ဖြစ်သည့်အပြင် ကျန်ငွေပေးချေရန် (၁)လတိတိ ဆက်လက်ပျက်ကွက်ပါက စက်ယန္တရားတွင်ပါရှိသော (Control Module/EFC Card/ECU/AVR) တို့အား ဖြုတ်သိမ်းမည်ဖြစ်သည်။

(ဈ) အငှားဝယ်ယူသူသည့် ကျန်ငွေပေးချေရန်(၂)လတိတိ ဆက်လက်ပျက်ကွက်နေပါက ဤသဘောတူစာချုပ်ပါ အတိုင်း အငှားရောင်းချသူမှ အငှားရောင်းချထားသည့်စက်ကိုတရားဝင်ပြန်လည်သိမ်းယူမည်ဖြစ်ပြီး၊ အငှားဝယ်ယူသူမှ အငှားရောင်းချသူထံသို့ ကနဦးပေးသွင်းထားသော စက်တန်ဖိုးငွေများအား ပြန်လည်ထုတ်ယူခွင့်ပေးမည်မဟုတ်ကြောင်း ကို သိရှိသဘောတူပါသည်။

(ည) အငှားဝယ်ယူသူသည် အငှားရောင်းချသူဘက်မှ ပြန်လည်သိမ်းယူထားသောစက်ကို ပြန်လည်ရွေးယူလိုလျှင် စက်သိမ်းယူစဉ်က ကုန်ကျခဲ့သော ကုန်ကျစရိတ်များနှင့် ပေးရန်ကျန်ရှိနေသောငွေကြေးအဝဝကို အပြေအကြေ ပေးချေပြီးမှသာလျှင် ပြန်လည်ရွေးယူနိုင်မည်ဖြစ်ပါသည်။

(ဋ) စက်ယန္တရားအား ပြန်လည်သိမ်းဆည်းခြင်းခံရပါက စက်ယန္တရားဝယ်ယူသူမှ အသုံးပြုခဲ့သောနာရီအလိုက် ကျသင့်တန်ဘိုးကို စက်ယန္တရားစံငှားရမ်းခနှုန်းထားအတိုင်း ဝယ်ယူသူမှရောင်းချသူသို့ ထပ်မံပေးသွင်းရန် သဘောတူသည်။

စာမျက်နှာ(၄)သို့

**၆။** အငှားဝယ်စက်ယန္တရားအား သတ်မှတ်ထားသောစာချုပ်ကာလအတွင်း ငွေများအပြေအကြေပေးချေရခြင်း မရှိသေးပါကအငှားဝယ်ယူသူသည် ယုံကြည်စွာအပ်နှံထားသည့်ဖော်ပြပါစက်ယန္တရားကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ရွှေ့ပြောင်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်း၊ အခြားနည်းအရလွှဲပြောင်းခြင်းစသည့် မည်သည့်ကိစ္စကိုမျှ လုပ်ဆောင်ပိုင်ခွင့် မရှိကြောင်းသိရှိသဘောတူပါသည်။ ဖော်ပြပါအချက်များကိုဖောက်ဖျက်ပါက တည်ဆဲဥပဒေ တစ်ရပ်ရပ်နှင့်အညီ တရားစွဲဆိုခံရမည်ဖြစ်ပြီး တရားစရိတ်အဝဝကို အငှားဝယ်ယူသူမှ ကျခံရမည်ဖြစ်ကြောင်း သိရှိသဘောတူ ဝန်ခံကတိပြုပါသည်။

**၇။** အငှားဝယ်ယူသူမှ အငှားရောင်းချခြင်းကိုဖျက်သိမ်းလိုပါက အငှားရောင်းချသူပိုင်စက်ယန္တရားကို ပြန်လည် သိမ်းယူမည်ဖြစ်ကြောင်း သဘောတူညီပါသည်။

၈။ စက်ယန္တရားသည် အငှားဝယ်ယူသူ၏လက်ဝယ်သို့လွှဲပြောင်းပေးအပ်ပြီးနောက် စက်ယန္တရားတန်ဖိုးအား အပြေအကြေမပေးချေရသေးမီ စက်ယန္တရားခိုးယူခံရခြင်း၊ လုယက်ခံရခြင်း၊ ဓားပြတိုက်ခံရခြင်း၊ မီးသင့်လောင်ခြင်း၊ ရေနစ်မြုပ်ခြင်း၊ ဖျက်ဆီးခံရခြင်းအစရှိသည့် အကြောင်းတစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးရစေခဲ့ပါမူ အငှားဝယ်ယူသူသည် စက်ယန္တရားတန်ဖိုးအား ပြေကြေသည်အထိ ပေးချေရန်တာဝန်ရှိပါသည်။

**၉။** အငှားရောင်းကတိစာချုပ်ပျက်ကွက်မှုကြောင့် အငှားဝယ်စက်ယန္တရားအား ပြန်လည်ပေးအပ်ရသည့်အခါတွင် အငှားဝယ်စဉ်ကမူလအကောင်းပကတိအခြေအနေအတိုင်း ပြန်လည်ပေးအပ်ရန်တာဝန်ရှိကြောင်း သိရှိသဘောတူ ဝန်ခံကတိပြုပါသည်။

**၁၀။ <u>တစ်ဖက်သတ်ရုပ်စဲခွင့်</u>**

(က) အောက်ပါအကြောင်းတစ်စုံတစ်ရာပေါ်ပေါက်လျှင် အငှားရောင်းချသူမှ ဤစာချုပ်ကို တစ်ဖက်သတ်ရုပ်စဲပိုင်ခွင့် ရှိစေရမည်။

(၁) အငှားဝယ်ယူသည့် စက်ယန္တရားအား တရားရုံးတွင်သက်သေခံတင်သွင်းခံရသည့်အခါ။

(၂) အငှားဝယ်ယူသည့် စက်ယန္တရားအား အငှားရောင်းချသူ၏ ခွင့်ပြုချက်မရှိဘဲစက်အစိတ်အပိုင်းများ လဲလှယ်တပ်ဆင်ထားကြောင်း စစ်ဆေးတွေ့ရှိသည့်အခါ။

(၃) အငှားဝယ်ယူသည့် စက်ယန္တရားအား လေလံတင်ရောင်းချခြင်းခံရသည်ဟု မှတ်ယူနိုင်သည့်အခါ။

(၄) အငှားဝယ်ယူသူက ဤစာချုပ်ပါစည်းကမ်းချက်များကိုဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိသည့်အခါ။

(ခ) အပိုဒ်(၁၂) (က)အရ ဤစာချုပ်ကိုတစ်ဖက်သတ်ရုပ်စဲခြင်းခံရပါက အငှားရောင်းချသူပိုင်စက်ယန္တရားကို တစ်ဖက်သတ်ပြန်လည်သိမ်းယူခြင်းခံရမည့်အပြင် အငှားရောင်းချသူ၏ ဆုံးရှုံးနစ်နာမှုအတွက် ဆုံးရှုံးနစ်နာသည့် တန်ဖိုးနှင့်နစ်နာကြေးကိုတရားစရိတ်နှင့်တကွ အငှားဝယ်ယူသူမှပေးလျော်ပါမည်ဟု သိရှိသဘောတူဝန်ခံကတိပြုပါသည်။

**၁၁။** ဤစာချုပ်နှင့်ပူးတွဲပါစာရွက်စာတမ်းအားလုံးသည်တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

**၁၂။** ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက Common Purpose Co., Ltd. အထွေထွေမန်နေဂျာ (General Manager) နှင့် စက်ယန္တရား အငှားဝယ်ယူသူတို့ နှစ်ဖက် ညှိနှိုင်းဆွေးနွေးရန်သဘောတူပါသည်။

စာမျက်နှာ(၅)သို့

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို အငှားရောင်းချသူနှင့် အငှားဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည် ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိကောင်းစွာ နားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာ အသုံးပြုခြင်းစသည်တို့ လုံးဝကင်းရှင်းလျှက်မိမိတို့၏ လွပ်လပ်သောသဘောဆန္ဒနှင့်အညီ အောက်ပါအသိသက်သေများ၏ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

| <u>စက်ယန္တရားအငှားရောင်းချသူ</u> | <u>စက်ယန္တရားအငှားဝယ်ယူသူ</u> |
|---|---|
| ဦးအောင်သူဝင်း (၁၄/လမန(နိုင်)၀၇၀၂၀၅) | ဦးဇော်မြင့်ထူး (၁၃/တကန(နိုင်)၁၉၇၆၆၀) |
| (for and on behalf of Common Purpose Co., Ltd.) | |

<u>အသိသက်သေများ</u>

| | | | |
|---|---|---|---|
| လက်မှတ် | – | လက်မှတ် | – |
| အမည် | – ဒေါ်မာမာခိုင် | အမည် | – ---------------- |
| နသေအမှတ် | – ၅/ရဘန(နိုင်)၁၄၉၇၅၇ | နသေအမှတ် | – ---------------- |
| နေရပ် | – အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊ | နေရပ် | – ---------------- |
| | – လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ | | – ---------------- |
| | | | – ---------------- |

စာမျက်နှာ(၆)သို့

နောက်ဆက်တွဲ " က "

# အငှားရောင်းချခြင်းနှင့်စပ်လျဉ်းသည့်ငွေပေးချေခြင်းအသေးစိတ်

၁။ ရောင်းချသည့်စက်ယန္တရားအမျိုးအမည် – Used Hitachi Excavator ZX130-5G with Breaker Piping & Blade (1)Unit

၂။ သတ်မှတ်အငှားရောင်းဈေး – (1)Unit အတွက် တန်ဖိုးငွေ USD – 67,000/- (USD – Sixty Seven Thousand Only) (ကုန်သွယ်လုပ်ငန်းခွန် အပါအဝင်ဈေးနှုန်း) Landed Yangon ဖြစ်ပါသည်။

၃။ <u>ငွေပေးချေခြင်းစနစ်</u>

1st Payment –(1)Unit အတွက် ပထမအရစ်ကျငွေ (50%) အဖြစ် USD – 33,500/- (USD – Thirty Three Thousand and Five Hundred Only) ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ စာချုပ်လက်မှတ်ရေးထိုးချိန်တွင် ရောင်းချသူ၏ ရန်ကုန်ရုံး သို့ ပေးချေရန် သဘောတူပါသည်။

Final Payment –(1)Unit အတွက် ကျန်ငွေ (50%)အဖြစ် USD – 33,500/- (USD – Thirty Three Thousand and Five Hundred Only) vကို ၂၀၂၃ ခုနှစ်၊ ဇွန်လ စက်ယန္တရားလွှဲပြောင်းပြီး ရက်ပေါင်း (၁၂၀) ကြာချိန် ၂၀၂၃ခုနှစ်၊ အောက်တိုဘာလတွင် ရောင်းချသူ ရန်ကုန်ရုံးသို့ ပေးချေရန် သဘောတူပါသည်။

၄။ ဝယ်ယူသူမှငွေပေးချေမှုများကို သတ်မှတ်ထားသည့်အငှားရောင်းကာလ စုစုပေါင်း(၄)လအတွင်း (၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ) နောက်ဆုံးထား၍ ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေဖြင့် ကျန်ငွေများကို မပျက်မကွက် မှန်မှန် အပြီးအပြတ် အပြေအကြေပေးချေရန် သဘောတူညီကြပါသည်။

Remark- FOC; 1,000 hrs filters .

၅။ စက်ယန္တရားလွှဲပြောင်းချိန် – ၂၀၂၃ ခုနှစ်၊ ဇွန်လ။

၆။ စက်ယန္တရားလွှဲပြောင်းချိန်တွင် စက်ယန္တရားနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို စက်ယန္တရားအငှားရောင်းချသူမှ အငှားရောင်းစနစ်ဖြင့်ရောင်းချခဲ့သော စက်ယန္တရားနှင့်အတူတစ်ပါတည်း စက်ယန္တရားအငှားဝယ်ယူသူသို့ ယုံကြည်စွာဖြင့် လက်ရောက်လွှဲပြောင်းပေးအပ်ရာ အငှားဝယ်ယူသူမှလည်း လက်ခံရရှိကြောင်း ဝန်ခံကတိပြုပါသည်။

၇။ အရစ်ကျပေးသွင်းရာတွင်သတ်မှတ်သည့်သဘောတူညီချက်များ –

(က) အရစ်ကျငွေကိုသတ်မှတ်ရက်တွင်တိကျစွာပေးချေရန်သဘောတူညီပါသည်။

(ခ) အရစ်ကျငွေပေးရန်ပျက်ကွက်ပါကပေးပြီးအရစ်ကျငွေများသည်ငှားရမ်းခပင်ဖြစ်သည်ကိုနားလည်ပါသည်။

(ဂ) အရစ်ကြေးပေးရန်ပျက်ကွက်ခြင်းကြောင့် ၈အငှားရောင်း၈ကတိပျက်ကွက်သဖြင့် အငှားရောင်းစက်ယန္တရားကို အငှားရောင်းချသူက ပြန်လည်သိမ်းယူမည်ကို ကောင်းစွာသိရှိနားလည်ပြီး သဘောတူလက်ခံပါသည်။

| <u>စက်ယန္တရားအငှားရောင်းချသူ</u> | <u>စက်ယန္တရားအငှားဝယ်ယူသူ</u> |
|---|---|
| ဦးအောင်သူဝင်း (၁၄/လမန(နိုင်)၀၇၀၂၀၅) | ဦးဇော်မြင့်ထူး (၁၃/တကန(နိုင်)၁၉၇၆၆၀) |
| (for and on behalf of Common Purpose Co., Ltd.) | |

<u>အသိသက်သေများ</u>

| | | | |
|---|---|---|---|
| လက်မှတ် | – | လက်မှတ် | – |
| အမည် | – ဒေါ်မာမာခိုင် | အမည် | – ----------------- |
| နသအမှတ် | – ၅/ရဘန(နိုင်)၁၄၉၇၅၇ | နသအမှတ် | – ----------------- |
| နေရပ် | – အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊ | နေရပ် | – ----------------- |
| | – လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ | | – ----------------- |

# “ ကိုယ်တိုင်ကတိပြုဝန်ခံချက် ”

ကျွန်တော် **ဦးဇော်မြင့်ထူး** ၊ နိုင်ငံသားစိစစ်ရေးအမှတ်– ၁၃/တကန(နိုင်)၁၉၇၆၆၀၊ ရန်ကုန်မြို့တွင် နေထိုင်သူက အောက်ပါအသိသက်သေများရှေ့မှောက်၌ ဤဝန်ခံချက်ကို လက်မှတ်ရေးထိုး ဝန်ခံချုပ်ဆိုပါသည်။

(ကျွန်တော် **ဦးဇော်မြင့်ထူး** ဟုဆိုရာ၌ ကျွန်တော် အပြင် ဇနီး/ခင်ပွန်း သား/သမီးများ၊ အမွေစား/အမွေခံများ ဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများ အားလုံးပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

၁။ အောက်ဖော်ပြပါဇယားတွင် ဖော်ပြထားသောပစ္စည်းသည် ရန်ကုန်မြို့၊ Common Purpose Co., Ltd. ပိုင်ငွေဖြင့် ဝယ်ယူ၍ ကျွန်တော်အား အငှားအဝယ် (Hire Purchase) စနစ်ဖြင့် ယုံကြည်အပ်နှံ အသုံးပြုခွင့်ပေးခြင်းသာဖြစ်ကြောင်း ဝန်ခံပါသည်။

၂။ ယင်းပစ္စည်းနှင့်ပတ်သက်၍ ကုမ္ပဏီမှ သတ်မှတ်ထားသည့် အရစ်ကျပေးဆပ်ရမည့်ငွေများကို လစဉ် သတ်မှတ်ရက်ထက် နောက်မကျစေဘဲ ကုမ္ပဏီ၏ ဘဏ်စာရင်းသို့ပေးသွင်းရန်နှင့် အကယ်၍ လစဉ်အရစ်ကျပေးသွင်းငွေ ပျက်ကွက်ပါက ပျက်ကွက်ကြေး (Default Fees)ကို (၅%)ဖြင့် ပေးသွင်းရန် သဘောတူပါသည်။

၃။ အဆိုပါပစ္စည်းအတွက် ကုမ္ပဏီက သတ်မှတ်ထားသည့် အရစ်ကျတန်ဖိုးငွေများ အပြေအကြေမပေးချေရသေးမီကာလတစ်လျှောက်တွင် ပစ္စည်း၏ပိုင်ရှင်မှာ Common Purpose Co., Ltd. သာဖြစ်ကြောင်း သိရှိပါသည်။

၄။ (၁)လနှင့်အထက် ငွေပေးချေရန် ပျက်ကွက်ခဲ့ပါက ဝယ်ယူသူမှ Common Purpose Co., Ltd. သို့ ငှားရမ်းဝယ်ယူထားသော Used Hitachi Excavator ZX130-5G with Breaker Piping & Blade (1) Unit တည်ရှိရာနေရာ (သို့မဟုတ်) တည်ရှိသည်ဟု သံသယတည်ရှိရာ နေရာများသို့ သွားရောက်၍ Common Purpose Co., Ltd. မှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ၏ အစီအမံဖြင့် ပြန်လည်သိမ်းယူရာတွင် သာယာအေးချမ်းစွာဖြင့် အဆိုပါ Used Hitachi Excavator ZX130-5G with Breaker Piping & Blade (1) Unit ကို လက်ရောက်အပ်နှံပါမည်ဟု အငှားဝယ်ယူသူ ဝန်ခံကတိပြုပါသည်။ ထိုသို့ Used Hitachi Excavator ZX130-5G with Breaker Piping & Blade (1) Unit ကို ပြန်လည်သိမ်းယူရာတွင် ကုန်ကျစရိတ် ကျသင့်သောတန်ဖိုးငွေကို အငှားဝယ်ယူသူဘက်မှ ကျခံရမည်ကို သိရှိသဘောတူပါသည်။ ထိုကဲ့သို့ Used Hitachi Excavator ZX130-5G with Breaker Piping & Blade (1) Unit ပြန်လည်သိမ်းယူသည့်အချိန်၌ အသုံးပြုသုံးစွဲထားသော ကီလိုကုန်ကျစရိတ်တန်ဖိုးသည် ပေးသွင်းထားပြီးသော အရစ်ကျငွေကြေးထက် ပိုမိုနေပါက အဆိုပါတန်ဖိုးငွေကို ထပ်မံပေးသွင်းရမည်ကို သိရှိပါသည်။

၅။ အကယ်၍ ကျွန်တော် သည် ကုမ္ပဏီသို့ ပေးဆပ်ရမည့် အရစ်ကျငွေများကို လစဉ်မှန်ကန်စွာ ပေးသွင်းရန် ပျက်ကွက်ပါက Common Purpose Co., Ltd. အနေဖြင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး/ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စသည်တို့အား တိုင်ကြား၍သော်လည်းကောင်း၊ အခြားနည်းလမ်းဖြင့်သော်လည်းကောင်း၊ အချိန်မရွေး၊ နေရာမရွေး ကုမ္ပဏီပိုင်ပစ္စည်းကို လက်ဝယ်ထားရှိသူ၊ မည်သူ့ထံမှမဆို ပြန်လည်သိမ်းယူခွင့်ရှိကြောင်း ဝန်ခံပါသည်။

၆။ အငှားချေးငွေစနစ်ဖြင့် ဝယ်ယူသည့်ပစ္စည်းအား Common Purpose Co., Ltd. အမည်ဖြင့် အလုံးစုံအာမခံထားရှိရန်နှင့် Common Purpose Co., Ltd. လက်ဝယ်တွင်ရှိသည့် Common Purpose Co., Ltd. Possession ဟူသော Seal တံဆိပ်ကပ်နှိပ်ရန် သဘောတူကြောင်း ဝန်ခံကတိပြုပါသည်။

၇။ ပစ္စည်းတန်ဖိုးပေးသွင်းငွေများ အပြေအကြေပေးဆပ်နိုင်ခြင်းမရှိဘဲ ယင်းကုမ္ပဏီပိုင်ပစ္စည်းအား တစ်နည်းနည်းဖြင့် လွှဲပြောင်း/ရောင်းချ/ပေါင်နှံ/ပေးကမ်းခြင်းပြုမိပါက ယုံကြည်အပ်နှံမှု ဖောက်ဖျက်ခြင်းဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေအရ ၎င်းကုမ္ပဏီမှ အရေးယူခြင်းကို ခံယူပါမည်ဟု ဝန်ခံကတိပြုပါသည်။

၈။ အဆိုပါပစ္စည်းအား အငှားဝယ်စနစ်ဖြင့် အသုံးပြုလျက်ရှိနေစဉ် ကာလတစ်လျှောက် ကျသင့်သောအခွန်အခ၊ ပျက်စီး၍ ပြင်ဆင်ကုန်ကျစရိတ် စသည်တို့ကို မိမိတွင်သာ တာဝန်ရှိကြောင်း သိရှိပါသည်။

စာမျက်နှာ(၂)သို့

၉။ အဆိုပါပစ္စည်းအား အငှားဝယ်စနစ်ဖြင့် အသုံးပြုနေစဉ်ကာလအတွင်း တည်ဆဲဥပဒေနှင့် မလွတ်ကင်းသော ပြုလုပ်မှုတစ်ရပ်ကို ပြုလုပ်မိပါက မိမိတွင်သာ တာဝန်ရှိသည့်အတွက် အဆိုပါကိစ္စအား ပြီးဆုံးပြေလည်သည်အထိ တာဝန်ယူဖြေရှင်းပေးပါမည်ဟု ဝန်ခံပါသည်။

၁၀။ အကယ်၍ အငှားဝယ်ယူသူမှ အရစ်ကျငွေပေးချေရန် ပျက်ကွက်ပါ အထက်ပါအရောင်းအဝယ်ကိစ္စများကို အာမခံကတိပြုလက်မှတ်ရေးထိုးထားသူ ဒေါ်ဖုံစု မှ အလုံးစုံတာဝန်ယူဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းကို သိရှိသဘောတူပါသည်။

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ ဝန်ခံချက်များကို အငှားရောင်းချသူနှင့် အငှားဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည်ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိ ကောင်းစွာနားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာအသုံးပြုခြင်းစသည်တို့ လုံးဝကင်းရှင်းလျက် မိမိတို့၏လွတ်လပ်သော သဘောဆန္ဒနှင့်အညီ အောက်ပါအသိသက်သေများ၏ ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤကတိပြုဝန်ခံချက်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

| | |
|---|---|
| ဒေါ်ဖုံစု | ဦးဇော်မြင့်ထူး |
| (၉/မကန(နိုင်)၀၅၇၉၀၇) | (၁၃/တကန(နိုင်)၁၉၇၆၆၀) |
| **(အာမခံသူ)** | **(ဝန်ခံကတိပြုသူ)** |

**အသိသက်သေများ**

| | | | |
|---|---|---|---|
| လက်မှတ် | – | လက်မှတ် | – |
| အမည် | – ------------------------ | အမည် | – -------------------------- |
| မှတ်ပုံတင် | – ------------------------ | မှတ်ပုံတင် | – -------------------------- |
| နေရပ် | – ------------------------ | နေရပ် | – -------------------------- |
| | – ------------------------ | | – -------------------------- |